## ၂၀၁၈ ခုနှစ်

## တက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **စွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။** **။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) ကုမ္ပဏီအသင်းများ၏လုံ့ဆော်ချက်ကြောင့် တိုင်းရင်းဖြစ် --------- နှင့် ယောထည်များ ခေတ်စားလာခဲ့သည်။

(၂) ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင် --------- ဦး တို့ပါဝင်ခဲ့ကြသည်။

(၃) စစ်ပြီးခေတ်ပထမဆုံးမဂ္ဂဇင်းအဖြစ် -------- ကို ၁၉၄၅ တွင် ရန်ကုန်မြို့မှ ထုတ်ဝေသည်။

(၄) ၁၉၆၈ တွင် လက်ယာနိုင်ငံရေးခေါင်းဆောင်တစ်စုသည် နိုင်ငံခြားတွင် --------- ပါတီ ဟူ၍ ထူထောင်သည်။

(၅) ၁၉၇၀ တွင် တော်လှန်ရေးကောင်စီသည် --------- စီမံကိန်းတစ်ရပ်ကို ပြဋ္ဌာန်းသည်။

(၆) ရုရှားအရှေ့ဖျားဒေသနှင့်ဆက်သွယ်ရန် ၁၈၉၀ တွင် -------- မီးရထားလမ်းကြီးကို ဖောက်လုပ်နိုင်ခဲ့သည်။

(၇) အမျိုးသားလှုပ်ရှားမှု ပြင်းထန်လာခြင်းကြောင့် ဒတ်ချ်အာဏာပိုင်များသည် ၁၉၁၆ တွင် ဗုတ်စရတ် ခေါ် --------- ကို ဖွဲ့စည်းပေးခဲ့သည်။

(၈) ဂျပန်နိုင်ငံကလည်း ၁၉၄၅ စက်တင်ဘာ ၂ တွင် လက်နက်ချစာချုပ်ကို လက်မှတ်ရေးထိုး လိုက်သဖြင့် --------- ကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့သည်။

(၉) ဗိုလန်ကွန်မြူနစ်အချို့ကို --------- မြို့တွင် လေ့ကျင့်သင်တန်းပေးပြီး ပိုလန်မျိုးချစ် များသမဂ္ဂကို ဖွဲ့စည်းပေးသည်။

(၁၀) ဖိလစ်ပိုင်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးခေတ်မှစပြီး -------- လှုပ်ရှားမှု ပေါ်ပေါက်ခဲ့ သည်။

[ တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြချက်များကို 'မှား' (သို့မဟုတ်) 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

(၁) တိုင်းရင်းသားတို့၏ ပါတော်မူပြီးစ တော်လှန်ရေးသည် ၁၈၉၆ ခန့်တွင် မြေပြန့်ဒေသ၌ ချုပ်ငြိမ်းသွားခဲ့ရသည်။

(၂) အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံကို အုပ်စိုးပြီးနောက် ပုံနှိပ်တိုက်များ တည်ထောင်ကြသည်။

(၃) ၁၉၇၉ မှစ၍ တက္ကသိုလ်၊ ကောလိပ်များရှိ အတန်းတိုင်းတွင်နိုင်ငံရေးသိပ္ပံပညာကိုသင်ကြားပို့ချပေးနိုင်ခဲ့သည်။

(၄) လက်နက်တပ်ဆင်ရာတွင် အခိုကပြိုင်ဆိုင်သူများမှာ အင်္ဂလန် နှင့် ဂျာမနီတို့ ဖြစ်သည်။

(၅) ၁၉၅၈ မတ်တွင် စတာလင်သည် ဆိုဗီယက်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကိုပါ ယူလိုက်သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

(၁) ဖတပလသည် ပြည်လုံးကျွတ်ညီလာခံကြီးကို ၁၉၄၆ ဇန်နဝါရီတွင် --------- ၌ ကျင်းပခဲ့သည်။

(က) သိမ်ဖြူကွင်း (ခ) ရွှေတိဂုံအလယ်ပစ္စယံ (ဂ) နေသူရိန်ညီလာခံ

(၂) အစောဆုံး မြန်မာပုံနှိပ်စာအုပ်ကို ၁၇၇၆ တွင် ----------- ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

(က) ရောမမြို့ (ခ) လန်ဒန်မြို့ (ဂ) ဘုံဘေမြို့

(၃) သြစတြီးယား အိမ်ရှေ့မင်းသားအား လုပ်ကြံသူမှာ ဆားဘီးယန်း အကြမ်းဖက်အသင်းဝင် -------- အမျိုးသားတစ်ဦးဖြစ်သည်။

(က) ဆလပ် (ခ) ဘောစနီးယန်း (ဂ) ရူမေးနီးယန်း

(၄) အင်္ဂလိပ်တို့က ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်သဖြင့် ၁၈၅၈ တွင် -------- အရေးတော်ပုံကျဆုံးခဲ့ရသည်။

(က) မေ ၄ (ခ) ထိုက်ဖင် (ဂ) စစ်ပါရီ

(၅) ၁၉၄၄ တွင် ဆိုဗီယက်တပ်နီသည် -------- ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။

(က) ချက်ကိုစလိုဗားကီးယား (ခ) ဟန်ဂေရီ (ဂ) ဘူလ်ဂေးရီးယား

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ လေးပုဒ် ကို မှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) အောင်ဆန်းအက်တလီစာချုပ်ပါအချက်အလက်များ (၅) မှတ်

(ခ) အာရှလူငယ်အစည်းအရုံး (၅) မှတ်

(ဂ) ဖဆပလခေတ်ကျန်းမာရေး (၅) မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အနုပညာကဏ္ဍ (၅) မှတ်

(င) တရုတ်နိုင်ငံနှင့်ပထမကမ္ဘာစစ် (၅) မှတ်

(စ) ဒန်းဇစ်နှင့် ပိုလန်စင်္ကြံပြဿနာ (၅) မှတ်

(ဆ) စီးပွားရေးအပြန်အလှန်အထောက်အကူပြုရေးကောင်စီ (Comecon) (၅) မှတ်

(ဇ) အာဆီယံဝန်ကြီးအဆင့်နောက်ဆက်တွဲညီလာခံ (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ နှစ်ပုဒ် ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ရှေ့တန်းမှ ပါဝင်ခဲ့သော တို့ဗမာအစည်းအရုံးအကြောင်း တင်ပြပါ။ (၁၅) မှတ်

(၂) မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နေသူရိန်လူထုအစည်းအဝေးကြီး၏ အခန်းကဏ္ဍကို ဖြေဆိုပါ။ (၁၅) မှတ်

(၃) ဂျပန်ခေတ်မြန်မာနိုင်ငံ၏ လူမှုရေးနှင့်ပြည်သူ့ကျန်းမာရေး အခြေအနေများကို ရေးသားပါ။ (၁၅) မှတ်

(၄) ဖဆပလခေတ် စီးပွားရေးအခြေအနေများကို ဆွေးနွေးပါ။ (၁၅) မှတ်

(၅) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၄–၁၉၈၈)အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို တင်ပြပါ။ (၁၅) မှတ်

[ တစ်ဖက်သို့

## **အပိုင်း (ဃ)**

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ (၃၀ မှတ်)

(၁) ရုရှနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ၁၉၀၅ တော်လှန်ရေးအကြောင်း တင်ပြပါ။ (၁၅) မှတ်

(၂) အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုများအနက် ထိုင်းနိုင်ငံအမျိုးသားလှုပ်ရှားမှု အကြောင်းဖြေဆိုပါ။ (၁၅) မှတ်

(၃) ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာခြင်းအကြောင်းဖော်ပြပါ။ (၁၅) မှတ်

(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းများအနက် ဗုဒ္ဓကူးအက်အရေးအခင်း အကြောင်း တင်ပြပါ။ (၁၅) မှတ်

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးအခြေအနေကို ရှင်းလင်းပါ။ (၁၅) မှတ်

---